
(ပုတီးကုန်း)
လွမ်းသဖြင့်သာ
ပန်းပွင့်ပါလျှင်

"လွမ်းသဖြင့်သာ ပန်းပွင့်ပါလျှင်"

လွမ်းသဖြင့်သာ ပန်းပွင့်ပါလျှင်

သခင်မြင်လိမ့်. . . . . . .

>အပင်တိုင်းမှာ ပန်းတွေချည့် . . . . .

***

ပန်းတစ်ပွင့်ကို . . . . . . .

နွမ်းလို့ ပစ်ဖူးချင် ပစ်ဖူးကြမယ် . . . . . . .

လူတစ်ယောက်ကို

လွမ်းဖို့ ဘယ်သူက ချစ်ဖူးပါသတဲ့ လဲ။

ပစ်ခဲ့တဲ့ ပန်းကို

ဘယ်သူမှ သတိတရ မရှိနိုင်ကြပေမယ့် . . . . . . .

ဖြစ်ခဲ့တဲ့ အလွမ်းကြောင့်

ရင်မှာ မထိမရှတဲ့ သူ . . . . ဘယ်သူရှိနိုင်ပါသတဲ့ လဲ။

ရေထဲမြုပ်တော့မယ့် လှေကလေးလို လကွေးကွေးဟာ မိုးသားတွေကြားမှာ နစ်လို့ ။ သစ်ရိပ်ဝါးရိပ်ကင်းတဲ့ နေရာမှာ တော့ မှုန်ပျပျဆိုပေမယ့် လရောင်လို့ သိသာအောင် အလင်းရောင်ဟာ ထိုးကျနေပါရဲ့ ခပ်ခပ်လှမ်းလှမ်း တောင်မြင့်တောင်တန်းတစ်ခိုမှာ တော့ ညို့အုပ်နက်မှောင်နေတဲ့ သစ်ရိပ်တွေကြောင့် လရောင် ဝိုးတဝါးဟာ ပိုပြီး အားလျော့ နေသလိုပါပဲ။

တစ်ချက်ချက်လေအတိုးမှာ အမိုးကသွပ်ကို ပိတောက်ကိုင်း လာပြီး ကုတ်ခြစ်ထိခတ် နေသံကလွဲလျှင် ညဟာ ပကတိ တိတ်ဆိတ်ငြိမ်သက်နေဆဲပင်။

ဟိုး . . . ခပ်စောစော တောင်ခြေမှာ သံရှည်စွဲ အူနေတဲ့ ခွေးအသံတွေလည်း တိတ်သွားခဲ့ပြီလေ။

ရန်ကုန်နှင့် မိုင်ပေါင်းများ စွာ ဝေးကွာသည့် သည် အရပ်မှာ သူရောက်နေတာကို သူ့အသိုင်းအဝိုင်းက ဘယ်သူသိနိုင်မှာ တဲ့ လဲ။

ခြေရာဖျောက်၍ ရေနှောက်သွားသူဟု မောင်ကတော့ နာကြည်းတွေးထင် ရင်၌ ခံခက် လေမည်။

ဝေဒနာထား၍ စိမ်းကားလေသူဟု မောင်ကတော့ စိမ်းဖြတ်နာကျင်မုန်းစိတ်တို့ ဝင်လေမည်။

ပြေးထွက်ခဲ့သူ၏ အပူတစ်စကို ဘယ်သူက နားလည်နိုင်မှာ တဲ့ လဲ

ကွယ်။

ရင်ဟူသည် ကား ဝေးကွာသွားခြင်းဖြင့် ရေသေ၏ ကမ်းပါးနှယ် အထိအခတ်ကင်းစွာ ရှိနေနိုင်ပါသတဲ့ လား။

ကာလကြာမြင့်ခြင်းဖြင့်လည်း မီးတောင်သေနှယ် ငြိမ်သက် အိပ်စက်၊ အလျှံ မထွက်ဘဲ ရှိနိုင်ပါသတဲ့ လား။

ခံစားမှု လှိုင်းတို့ ဖြင့် ထာဝရ ရိုက်ခတ်နေတတ်သည့် ကမ်းခြေတစ်ခုပမာ။

ဝေဒနာ ချော်ရည်ချော်စက်တို့ အလျှံပွက် စီးကျနေသည့် မီးတောင်တစ်ခုပမာ . . .

ဖြစ်တတ်သည့် အရာကို ''ရင်'' ဟု ယုံကြည်နေမိသေးသမျှတော့ . . . ။

ခံစားမှု ထိုလှိုင်းတံပိုးတို့ ကိုလည်းကောင်း . . . . .

ဝေဒနာ ထိုချော်ရည်ချော်စက်တို့ ကိုလည်းကောင်း . . .

''အလွမ်း'' ဟု အမည်ပြောင်းကာ. . . .

တစ်သက်တာကာလမှာ . . . .

ထာဝရ သိမ်းဆည်းထားမိဦးမှာ ပါ မောင် . . . .

*

# အပိုင်း (၁)

## (၁)

''ကေသီရေ . . . သမီး အိမ်ရှေ့မှာ ဆွေဆွေ ရောက်နေပြီ ''

''ဟုတ်ကဲ့ ... ကြီးမေ''

လည်ပြန်လှည့်အကြည့်မှာ အခန်းဝ၌ ရပ်နေသည့် ကြီးမေကို တွေ့သည် ။

မှန်တင်ခုံရှေ့မှ ထပိရပ်ရင်း ခန္ဓာကိုယ်ကို ဘယ်ညာလှည့်၍ မှန်ထဲမှာ ကြည့်မိပြန်သည် ။ ပြီးတော့ ခါးလယ်အထိ ဝဲကျဖြာဝေနေသော ဆံနွယ်စဖားလျားကို အပြာနုရောင် လက်ကိုင်ပုဝါ လေးဖြင့် စုစည်းချည်နှောင်လိုက်သည် ။ မှန်တင်ခုံပေါ်မှာ တင်ထားသည့် ပိုက်ဆံအိတ် အနက် ကလေးကို ကောက်ယူရင်း အခန်းတွင်းမှ ထွက်လိုက်၏။

'' လှပြီးသားကို အလှပြင်နေရသေးတယ် နော်''

ဧည့်ခန်းမှာ ထိုင်နေသည့် ဆွေဆွေက ပြုံး၍ လှမ်းပြောသည် ။

'' ဈေးရောက်ရင် မုန့်ဝယ်ကျွေးမှာ ပါ ဆွေဆွေ ''

ဆွေဆွေ အနားသို့ တိုးသွားရင်း ခပ်ပြုံးပြုံး ပြန်ပြောလိုက်၏။

'' သမီးတို့ သိပ်မကြာနဲ့ ဦးနော်၊ ကြီးမေက စိတ်ပူတတ်တယ် ''

ကြီးမေ ဧည့်ခန်းထဲဝင်လာရင်း ပြောလိုက်ပြန်သည် ။

'' စိတ်ချပါ ကြီးမေ ''

ဟု ဆွေဆွေက ဝင်ပြော၏။

''ကေသီက စာအုပ်အဟောင်းတွေ့ရင် စာအုပ်ပုံရှေ့က ခွာချင်တော့တာ မဟုတ်ဘူး ၊ သူ့ကို အတင်းဆွဲခေါ်ခဲ့ သိလား၊ ဆွေဆွေ ''

ဟု ကြီးမေက ခပ်ပြုံးပြုံးပြောလိုက်သည် ။

ကြီးမေ စာအုပ်အကြောင်းကို ပြောပါမှ ဆွေဆွေကို တောင်းပန်ရန် ကိစ္စ ကို သူသတိရပြန်၏။

ခြံဝင်းထဲက ထွက်ခဲ့ပြီး ကားဂိတ်ဆီသို့ ဦးတည်လျှောက်သည် ။

''ဆွေဆွေရေ . . . ဆွေဆွေကို ကေသီ ဘယ်လိုတောင်းပန်ရမှန်းတောင် မသိတော့ဘူး''

ဆွေဆွေကို ငဲ့ကြည့်ရင်း ကေသီက စကားစလိုက်သည် ။

''ဘာလဲ ကေသီ ''

ဟု နားမလည်ဟန် လှမ်းကြည့်ရင်း ဆွေဆွေ မေးသည် ။

''သောကြာနေ့က ဆွေဆွေဆီက ယူခဲ့တဲ့ စာအုပ်လေး ဆရာမကြီး ဒဂုံဒေါ်ခင်ခင်လေးရဲ့ အမျိုးသမီး အနုပညာရှင်များ ဆိုတာလေ''

'' ဘာဖြစ်လဲ၊ ကေသီ ဖတ်လို့ ပြီးပြီလား''

''ဖတ်လို့ တော့ ပြီးပြီ ဆွေဆွေ ''

စကားကို ဘယ်လိုဆက်ရမှန်းမသိအောင် ဖြစ်ရင်း ကေသီက စကားရပ်ထားမိပြန်၏။

''နောက်တစ်ခေါက် ထပ်ဖတ်ချင်သေးလို့ ယူထားဦးမယ် ပြောမလို့

လား ကေသီ၊ ပြောရမှာ အားနာနေလို့ လား''

ဆွေဆွေက သူ့အထင်ကို ပြောလိုက်ပြန်၏။

'' မဟုတ်ဘူး ဆွေဆွေရယ် ကေသီ ဘယ်လိုပြောရမှန်းကို မသိပါဘူး ၊ ကေသီ ပေ့ါတာပါ၊ အဲ့ဒီစာအုပ် အရှေ့ပိုင်းက စာမျက်နှာ တော်တော်များများ စုတ်ပြဲကုန်တယ်ကွာ''

'' ဟင် . . . .''

ဆွေဆွေက အံသြဟန်ပြုရင်း ကေသီမျက်နှာဆီ အကြည့်ရောက်ပြန်သည် ။

''ဟုတ်တယ် ဆွေဆွေ၊ ကေသီ ပေ့ါပေ့ါလျော့လျော့နိုင်တာ စာအုပ်ကို ခါတိုင်းဖတ်ပြီးရင် ဗီရိုထဲ ထည့်ထားတာ ဒါမှ မဟုတ် ဖတ်လက်စဆိုလည်း ခေါင်းအုံးအောက်မှာ ထားတတ်တာ၊ အဲဒီနေ့ ကတော့ ကြီးမေ ခေါ်လို့ ဖတ်လက်စစာအုပ်ကို အိပ်ရာပေါ်တင်ပြီး ထွက်ခဲ့တာလေ၊ အခန်းထဲ ပြန်ရောက်တော့ အိမ်က ကြောင်ကလေးက ကုတ်ခြစ်ပြီး ဆော့နေတာတွေ့တော့ပဲ''

''တော်တော်များ လား''

''များ တယ် ဆွေဆွေ၊ ရှေ့ပိုင်းက စာမျက်နှာ ဆယ်မျက်နှာလောက် လုံးဝ စုတ်ပြဲသွားတယ်၊ ဘယ်လိုမှ ပြန်ဆက်လို့ လည်း မရတော့ဘူး''

''ဘယ်တတ်နိုင်ပါ့မလဲဟာ''

''ဆွေဆွေ စာအုပ်ဆို ဘာအကြောင်းလဲ ဆွေဆွေ ၊ ဆွေဆွေက သူများ ဆီက ငှားလာတာ ဆိုတော့''

''အကျိုးအကြောင်း ပြောပြရုံပဲ ရှိတော့တာပေ့ါ ကေသီရာ ''

''လွယ်လွယ်ဝယ်လို့ ရတဲ့ စာအုပ်မျိုးဆိုရင်လည်း ကေသီ ချက်ချင်းဝယ်ပြီး အစားပေး လိုက်မှာ ပါ၊ အခုကျတော့ ရှာလို့ လွယ်ပဲ့မလား မသိဘူး၊ အချိန်ယူရှာမှ ရမယ့်စာအုပ်ထင်တာပဲ ဆွေဆွေ၊ ဒီနေ့လည်း စာအုပ်အဟောင်းတန်း ခဏဝင်မွှေမလားလို့ ကြီးမေကလည်း အကြံအစည်ကို ကြိုသိနေသလိုပဲ''

ဘတ်စ်ကားဂိတ်ရောက်တော့ အမိုးအောက်ဝင်ပြီး ရပ်လိုက်သည် ။

''ဒီနေ့ စာအုပ်ရှာမနေပါနဲ့ တော့ဟာ ၊ မေမေကလည်း ငါ့ကို မြန်မြန်ပြန်ပြန်ခဲ့ဖို့ မှာ လိုက်တယ်၊ အရေးမကြီးပါဘူး နောက်တွေ့တော့ ပြန်ဝယ်ပေးတာပေ့ါ၊ တနင်္လာ ကျောင်းပြန်တက်ရင်သာ နင်အောင်ဌေးကို တောင်းပန်လိုက်၊ ငါလည်း ပြောပေးမှာ ပါ''

''ဒါ. . . . အောင်ဌေး စာအုပ်လား''

''ဟုတ်တယ် ကေသီ''

''ဟာ . . . ဒုက ပါပဲ၊ စာအုပ်ကို အရမ်းတန်းဖိုးထားတတ်တဲ့ စာကြမ်းပိုးစာအုပ်မှ ဒီလိုဖြစ်ရတယ်ဟာ၊ ငါ့ကိုတော့ အရမ်းအထင်သေးသွားတော့မှာ ပဲ''

ခပ်ညည်းညည်းလေး နှုတ်မှ ပြောရင်း သက်ပြင်းကို ချလိုက်မိပြန်တော့၏။

*

(၂)

''လက်ဖက်ရည်ဆိုင်ဘက် သွားရှာရင် အောင်ဌေးကို တွေ့နိုင်မယ်ထင်တယ်''

''သူက ကျောင်းလာတစ်ချက်၊ မလာတစ်ချက်ဆို . . .'' ဆွေဆွေ ပြောခဲ့ဖူးသည် ကို သတိရပြီး ပြန်မေးမိ၏။

''ဟုတ်တယ် . . . ကေသီ၊ အခုလို စောစော ဆိုရင်တော့ လက်ဖက်ရည်ဆိုင်မှာ ရှိချင်ရှိမှာ ပါ''

ပြောရင်း ကဲင်တင်းဘက်ဆီ ခြေဦးလှည့်သည် ။ အောင်ဌေးနှင့် သူတို့ တစ်တန်းတည်း တစ်ခန်းတည်း ပေမယ့် ကေသီနှင့် အောင်ဌေးက မရင်းနှီးလှ၊ သိရုံဆိုရုံမျှသာ သိသည် ။

ဆွေဆွေနှင့် အောင်ဌေးက ပိုပြီးရင်းနှီးသည် ။ ဆွေဆွေက အောငဌေးထံမှ စာအုပ်များ ငှားဖတ်လေ့ရှိ၏။ လိုချင်တဲ့ စာအုပ်တွေ ရှိလျှင်လည်း အောင်ဌေးကို ဆွေဆွေက ရှာပေးခိုင်း တတ်တာ ကေသီသိနေသည် ။

''ဟိုမှာ . . . .''

လက်ဖက်ရည်ဆိုင်၏ အတွင်းကျကျ ထောင့်တစ်နေရာမှာ ထိုင်ရင်း လမ်းမဘက်သို့ ငေးနေသည့် အောင်ဌေးကို ကေသီက စမြင်သည် ။

''ကေသီက မျက်စိလျှင်သားပဲ''

ဆိုင်ထဲအဝင်မှာ ပြုံး၍ ပြောလိုက်သော ဆွေဆွေ့ကို ဘာမှ ပြန်မပြောဖြစ်တော့ဘဲ ပခုံးဖြင့် တိုက်လိုက်မိသည်။

စားပွဲဆီသို့ တန်း၍ လာနေသော ကေသီနှင့် ဆွေဆွေတို့ ကို အောင ဌေးက လှမ်းကြည့်ရင်း ပြုံးပြလိုက်၏။

''နင် တစ်ယောက်တည်းလား အောင်ဌေး ''

အနားရောက်တော့ ဆွေဆွေက လှမ်းမေးသည်။

အောင်ဌေးက ခေါင်းငြိမ့်ပြုံးပြသည်။

အောင်ဌေးနေသည့် အဆောင်က ဆွေဆွေတို့ နှင့် တစ်လမ်းကျော်မှာ မို့ ဆွေဆွေနှင့် အောင်ဌေးက ရင်းနှီးနေကြတာ ကေ သီ သိ၏။

''ဘာစာအုပ် လိုချင်ပြန်ပြီလဲ ဆွေဆွေ''

ဆေးပေါ့လိပ်ပြာကိုခြွေရင်း အောင်ဌေးက ခပ်ပြုံးပြုံးမေး၏။

''ထိုင် . . . . ကေသီ''

အောင်ဌေးကို ဘာမှ ပြန်မပြောဘဲ ဆွေဆွေက ကေသီ့ကို ခုံဆွဲ ထိုင်ခိုင်းသည်။ ပြီးမှ . . .

''ဒါ . . . နင်းကေသီလေ အောင်ဌေး တစ်တန်းတည်းပဲဟာ သိတယ် မဟုတ်လား၊ ကေသီ ဒါ အောင်ဌေး ''

အောင်ဌေးက ကေသီ့မျက်နှာကို ခပ်ပြုံးပြုံးကြည့်လျက်၊ ခေါင်းညိတ် အသိအမှတ်ပြုသည်။ ကေသီကလည်း ပြန်၍ ပြုံးလိုက်သည်။

''ဟာ. . . . . တစ်တန်းတည်းနေလာကြတာ

လေးနှစ်ထဲရောက်ပြီပဲဗျာ. . . . မသိဘဲတော့ ဘယ်ရှိမလဲတဲ့ ၊ မရင်းနှီးကြတာပဲ ရှိတာပေါ့၊ ကျွန်တော်ကလည်း အတန်းထဲမှာ ရှိတာမ ဟုတ်တော့ လူတိုင်းနဲ့ မရင်းနှီးဘူးဖြစ်နေတာ''

''ကေသီလဲ ကိုအောင်ဌေးကို သိတော့ သိပါတယ်'' ဟု ကေသီက အ လိုက်အထိုက် ပြန်ပြော လိုက်မိသည် ။''

''ဆွေဆွေ ဘာသောက်မလဲ မှာ ဟာ၊ ငါ နင်တို့ ကို လက်ဖက်ရည် တိုက်တော့တိုက်ချင် ပါတယ်၊ ဒါပေမယ့် ဒီနေ့ နင်တိုက်ထားပေးပေါ့လား . . . ငါပြန်ပေးပေါ့မယ်''

အောင်ဌေးက ဆွေဆွေ့ကို ကြည့်ရင်းပြောရာကနေ ကေသီ့မျက်နှာ ဆီ လှမ်းကြည့်ရင်း ပြုံးလျက်

''ကျွန်တော် မွဲတာကို ဆွေဆွေကတော့ အကြောင်းသိဖြစ်နေပြီ ကေ သီ'' ဟု ပြောလိုက်ပြန်၏။

''ကိုအောင်ဌေး ဘာစားအုံးမလဲ ထပ်မှာ ပါ၊ ဒီနေ့ ကေသီ ကျွေးပေါ့မ ယ်''

ကေသီက ပြောလိုက်၏။

'' ဟုတ်တယ်၊ အောင်ဌေး ဒီနေ နင့်ကို ကေသီက မုန့်လည်း ကျွေးမ ယ်၊ တောင်းပန်စရာ ရှိတာကိုလည်း တောင်းပန်လိမ့်မယ်''

''တောင်းပန်စရာ ဟုတ်လား''

ဆွေဆွေ့ စကားကြောင့် အောင်ဌေးက နားမလည်ဟန် ဖြစ်သွားပုံ ရ ၏။

''ဒီလိုပါ ကိုအောင်ဌေး ဆွေဆွေ ကိုအောင်ဌေးဆီက ငှားထားတဲ့ အ

မျိုးသမီး အနုပညာရှင် များ ဆိုတဲ့ စာအုပ်လေ''

''ဆရာမကြီး ဒဂုံခင်ခင်လေး ရေးတဲ့ စာအုပ်''

''ဟုတ်တယ် ကိုအောင်ဌေး အဲ့ဒီစာအုပ်ကို ကေသီက ဆွေဆွေ့ဆီက ထပ်ငှားဖတ်တယ်လေ၊ အဲ့ဒါ ကေသီကြောင့် ရှေ့ဘက်က စာမျက်နှာ တော်တော်များများ ကြောင်ကုတ်လို့ စုတ်သွားလို့ တောင်းပန်ချင်တာပါ' '

''ဩော် . . . ''

အောင်ဌေးက ဘာမှ ဆက်မပြောတော့သဖြင့် ကေသီက ပိုပြီး အနေရ ကျပ်လာသလိုပင်။

''လွယ်လွယ်ဝယ်ရတဲ့ စာအုပ်မျိုးဆိုရင်လဲ ကေသီအစား ဝယ်ပေးချင်ပါတယ် ကိုအောင်ဌေးရယ်၊ ကေသီလဲ မရှာတတ်လို့ ''

''ရပါတယ် ကေသီ၊ မတော်တဆဖြစ်တတ်တာပဲဗျာ ''

''ကျွန်မကို စာအုပ်တန်ဖိုး နားမလည်တဲ့ သူလို့ ကိုအောင်ဌေး ထင်သွားပြီလား မသိဘူး''

''ဟာ. . . . မထင်ပါဘူး ကေသီ ''

''ကိုအောင်ဌေး အဲဒီစာအုပ် ရှာရရင် ထပ်ရှာဝယ်ပေးပါလား၊ ကေသီ အစားပြန်ပေးပါရစေ''

''မဟုတ်တာ . . . ကေသီရယ်''

မှာ ထားသည့် လက်ဖက်ရည်နှင့် မုန့်များ ရောက်လာသည် ။ ဆွေဆွေက လက်ဖက်ရည် ပန်းကန် တွေကို ရှေ့တိုးပေး၏။

မုန့်ပန်းကန်ကို အောင်ဌေး ရှေ့မှာ လှမ်းပေးရင်း . . .

''စား အောင်ဌွေး''

ဟု ဆွေဆွေက ပြောသည် ။

''စီးကရက် တစ်ပွဲ ပေးပါဦး''

ဟု အနားရောက်လာသည့် စားပွဲကောင်လေးကို ကေသီက လှမ်းမှာသည် ။

''နင်တို့ စာပေသမားတွေ ဆေးလိပ်ကြိုက်တတ်တာ ကေသီတောင် သိနေပြီ ''

ဟု ဆွေဆွေက ပြုံးရယ်ရင်းပြော၏။

''စာပေသမား မဟုတ်ပါဘူး ဆွေဆွေရယ် . . . နင်သိသားနဲ့ ၊ ငါက စာအုပ်ဟောင်း ရောင်းတဲ့ သူပဲဟာ''

ပြောလိုက်သည့် စကားကြောင့် ကေသီက သူ့မျက်နှာဆီက အကြည့် ရောက်သည် ။ ဟန်ဆောင်ခြင်း ကင်းသည့် ရိုးရှင်းစွာ ပြောတတ်သူဟု ကေသီ သတိထားမိပြန်၏။

''အတန်းလေးဘာလေးလဲ မှန်မှန်တက်ဦးပေါ့ ကိုအောင်ဌွေးရယ် . . . နောက်ဆုံးနှစ်ဆိုတော့ . . . ''

သောက်ပြီး လက်ဖက်ရည်ခွက်ကို ပြန်ချရင်း စေတနာစကားကို နှုတ်မှ ထွက်သည် ။

''ကျွန်တော်လဲ အဲဒါ စဉ်းစားမိပါတယ် ကေသီ၊ ဒါပေမယ့် တစ်ခါတစ်လေကျတော့ ဝမ်းရေးကို ဦးစားပေးနေသလိုပါပဲ''

စကားကိုဖြတ်ရင်း ဆိုင်အပြင်ဘက်ကို ငေးသည် ။ ပြောမိသည့် စကားအတွက် ကေသီ နောင်တရ သလို ခံစားလိုက်ရပြန်၏။

''တောင်းပန်ပါတယ် ကိုအောင်ဋ္ဌေး'' စူးစိုက်ကြည့်ကာ နှုတ်မှ ခပ်ဖွဖွ အသံ ထွက်ပြန်၏။

''စာအုပ်အတွက်လား . . . ရပါတယ်''

''ဟင့်အင်း ''

အောင‌ဋ္ဌေးက ကေသီ့မျက်နှာကို ပြန်ကြည့်ကာ နားမလည်သလို ငေးနေပြန်၏။

''ကေသီ ပြောလိုက်မိတာ စေတနာစကားပါ၊ စာတွေ မလွတ်စေချင်တဲ့ စေတနာနဲ့ ပြောလိုက် မိတာပါ၊ ကိုအောင်ဋ္ဌေး ဘဝကို မစာနာတတ်လို့ မဟုတ်ပါဘူး''

''ကျွန်တော် ဘယ်လိုမှ မအောက်မေ့ပါဘူး ကေသီ . . . သူများ တွေလို ပညာကို လွတ်လွတ်လပ်လပ် ရှာချင်တဲ့ ဆန္ဒတော့ ကျွန်တော့်မှာ ရှိတာပေါ့၊ ဒါပေမယ့် အခြေအနေအရ ဖြစ်လာတဲ့ အကျပ်အတည်းကို ကျွန်တော် ရင်ဆိုင်ရဲပါတယ်။ ကေသီ့ စေတနာကို ကျွန်တော် နားလည်ပါတယ်''

''သူ့စာတွေ သိပ်အရေးကြီးရင် ငါပဲကူးပေးနေရတာ''

ဟု ဆွေဆွေက ဝင်ပြောလိုက်သည် ။

''လိုအပ်ရင် ကေသီလဲ ကူညီပါ့မယ်''

''ကောင်းတာပေါ့ ကေသီရယ် . . . ကျွန်တော့်ဘဝက အရပ်ကူပါ၊ လူဝိုင်းပါဆိုလိုများ ဖြစ်နေမလား မသိဘူး၊ တစ်ခါတစ်လေကျတော့ သူငယ်ချင်းတွေကို အားနာတယ်၊ ကိုယ့်မာနနဲ့ ကိုယ် ထူထောင်ထားရတဲ့ ဘဝလေးကို ကျေနပ်မိပေမယ့် သူများ တွေကို ဒုက္ခမပေးချင်တာတော့ အမှန် ပဲဗျာ''

ပြောရင်း စီးကရက်တစ်လိပ်ကို လှမ်းယူလိုက်သည် ။

အိမ်ကိုပြန်ရောက်တော့ ကိုအောင်ဒွေးနှင့် ပတ်သက်ပြီး တွေးစရာတွေ ကေသီ့ရင်ထဲမှာ ပါလာပြန်၏။ ရခိုင်လုံချည်တစ်ပတ် အပြာရင့်ရင့်နှင့် တက်ထရွန်ရှပ်အဖြူဖွေးဖွေးခပ်ကြေကြေကို ဝတ်ထားသော အသားညိုညို နှာတန်ပေါ်ပေါ် အရပ်မြင့်မြင့် လူတစ်ယောက်ရဲ့ အသွင်သည် ကေသီ အမြင်အာရုံမှာ စွဲထင်နေတော့ပြန်၏။ ရိုးရှင်းပွင့်လင်းစွာ ပြောတတ်သော စကားသံတို့ ကို ကြားယောင်နေမိတော့သည် ။ ဆွေဆွေတို့ လမ်းနားက အဆောင်တစ်ခု ငှားနေရင်း တက္ကသိုလ် တက်နေသူ၊ စာအုပ်အဟောင်းရောင်းရင်း ကျောင်းစရိတ်ကို ရှာနေရသူဟု ဆွေဆွေပြောသမျှသာ သိခွင့်ရခဲ့ပေမယ့် စိတ်ဝင်စားစရာ အဖြစ်အပျက်တွေ သူ့နောက်မှာ ရှိနေမှာ ပဲဟု အလိုလို တွေးမိနေပြန်ရဲ့ ။

*

## (၃)

ညနေကျောင်းကအပြန် လှည်းတန်းထိပ် အရောက်မှာ မမျှော်လင့်ဘဲ၊ မိုးကခပ်သည်းသည်း ရွာချသည် ။ ဆွေဆွေက လှည်းတန်းဈေးဘက် ခဏခေါ်သဖြင့် လိုက်သွားပြီး ဈေးဘက်က ပြန်လာတော့ မိုးက နည်းနည်းအရှိန်လျော့သွားပြီး လက်ဖက်ရည်ဆိုင်ရှေ့အရောက်မှာ . . .

''ဟိုမှာ . . . ကိုအောင်ဌေး ''

ဟု ဆွေဆွေက ပြသည် ။

လှမ်းအကြည့်မှာ စာအုပ်တစ်အုပ်ကို ငုံ့၍ ဖတ်ရင်း ရပ်နေသောသူ့ကို လက်ဖက်ရည်ဆိုင်ရှေ့ တံစက်မြိတ်စွန်းမှာ တွေ့ရ၏။ လူသွားပလက်ဖောင်းနှင့် သူရပ်နေသည့် နေရာမှာ ကပ်နေသဖြင့် အနားရောက်တော့ ဆွေဆွေက အောင်ဌေး ဟု လှမ်းခေါ်သည် ။

''ဆွေဆွေတို့ ကျောင်းကလာတာလား''

ခေါ်သံကြောင့် လှည့်ကြည့်ရင်း လှမ်းမေးသည် ။ ပြီးတော့ ကေသီ့ကိုပါ လှမ်းပြုံးပြလိုက်၏။

''ဆိုင်မထွက်ရသေးဘူးလား ကိုအောင်ဌေး''

ဟု ကေသီက လှမ်းမေးလိုက်သည် ။

''ခင်းကာစ ရှိပါသေးတယ်ဗျာ၊ မိုးရွာတာနဲ့ သိမ်းလိုက်ရတယ်၊ အဖမ်းအဆီး မလာတဲ့ နေ့ဆို မိုးကရွာ၊ မိုးမရွာတဲ့ နေ့ကျတော့ အဖမ်းအဆီးကရှိနဲ့ ၊ ဒီလိုပါပဲ''

စကားအဆုံးမှာ လက်ဖက်ရည်ဆိုင် စားပွဲ၏ အောက်မှာ စုပုံထားသော ပလတ်စတစ် မိုးကာဖြင့် လုပ်ထားသော စာအုပ်ထုပ်ဆီ လှမ်းကြည့်တာ တွေ့လိုက်သည် ။ ကေသီရော ဆွေဆွေပါ စာအုပ်ထုပ်ဆီ အကြည့်ရောက်သွားရင်း ကေသီက စိတ်မကောင်းစွာ သက်ပြင်းငွေ့ကို ချမိပြန်၏။

''ဘာစာအုပ်တွေ ဖတ်ဦးမလဲ ကေသီ''

''ရတယ်၊ ကိုအောင်ဌေး နောက်မှ ပဲ''

''ဘာလဲ အားနာလို့ လား''

''ရှင် . . .''

''ဩော်. . . ဟိုနေ့က စာအုပ်တစ်အုပ် စုတ်ပြဲသွားတာနဲ့ အားနာပြီး မငှားဘဲ၊ မဖတ်ဘဲနဲ့ တော့ မနေပါနဲ့ ဗျာ၊ ကျွန်တော်တတ်နိုင်တာက ရှိတဲ့ စာအုပ်ကလေးတွေကို ငှားဖတ်ရင်း စာပေဒါန ပြုစုရုံပဲ တတ်နိုင်တာပါ'' ပြုံးရင်းပြောသည် ။

''မဟုတ်ပါဘူး ကိုအောင်ဌေး၊ ကေသီ နောက်ဆို ကိုအောင်ဌေး စာအုပ်ပုံထဲက လာရှာပြီး ငှားမှာ ပါ''

''ရတယ်''

''ငါဆို ဒီလိုပဲ ငှားနေကျ'' ဆွေဆွေက ဝင်ပြောသည် ။

နောက်မှ ဖြတ်သွားဖြတ်လာများကြောင့် ထီးကို တစ်ဖက်သို့ ငဲ့စော

င်းရှောင်သည် ။

''နင် . . . လက်ဖက်ရည် သောက်မလား အောင်ငွေး ''

ဟု ဆွေဆွေ မေး၏။

''ငါ သောက်ပြီးသွားပြီ . . .၊ နင်တို့ သောက်ချင်သောက်လေ''

''ဒါဆို မသောက်တော့ဘူး ကိုအောင်ငွေး၊ အိမ်ပြန်နောက်ကျနေဦးမယ်၊ ကေသီတို့ သွားမယ်'' ကေသီက နှုတ်ဆက်စကားဆိုသည် ။ ပြီးတော့ မိုးဖွဲဖွဲကြားမှ လှမ်းလျှောက်လာခဲ့၏။

''သူ့ဘဝကလဲ တက္ကသိုလ်ကျောင်းသားနဲ့ မတူပါဘူးနော်၊ အရမ်း ရုန်းကန်ရတာပဲ''

လမ်းလျှောက်ရင်း ဆွေဆွေကို မကြည့်မိဘဲ ကေသီ့နှုတ်မှ ထွက်သည် ။

''သူ့မိဘတွေတော့ နယ်မှာ ရှိတယ်တဲ့ ၊ သူ့ကို အမွေဖြတ်လို သဘောထားတယ်တဲ့ လေ၊ သူက အိမ်ကထွက် လာပြီး အဆက်အသွယ်မလုပ်တော့တာတဲ့ လေ''

''ဟင် . . . ဟုတ်လား '' ဆွေဆွေထံမှ ကြားရသည့် စကားကြောင့် အံ့ဩစိတ်ဦးစွာ ဖြစ်သည် ။ ပြီးတော့ ရင်ထဲမှာ နင့်ခနဲ ခံစားရပြန်၏။

''အေးဟာ၊ မိဘရှိပြီးတော့လဲ မိဘရဲ့ နွေးနွေးထွေးထွေး မေတ္တာရိပ်မှာ သူမနေနိုင်တဲ့ ဘဝ၊ မိဘမေတ္တာနဲ့ ကင်းဝေးနေရတဲ့ လူတွေကို ငါတော့ အရမ်းကို ကိုယ်ချင်းစာတယ်''

ဘတ်စ်ကားဂိတ်ရောက်တော့ ဆွေဆွေ့ကို ကေသီ ပြောလိုက်သည် ။

''နင်က ဘာဖြစ်ဖြစ် ကြီးမေရဲ့ မေတ္တာရိပ်မှာ လိုလေသေးမရှိ ခိုလှုံခွ

င့်ရနေပါသေးတယ် ကေသီရာ၊ အောင်ဌေးကျတော့ တစ်ကောင်ကြွက် မဟုတ်ပေမယ့် တစ်ကောင်ကြွက်လို ကိုယ့်ဘဝကို ကိုယ်ရုန်းနေပြီလေ''

ဘာမှ ပြန်မပြောမိတော့ဘဲ မနိုင်ဝန်ကို ထမ်းလျက် ဘေးတစ်ခြမ်း စောင်းကာ တရွေ့ရွေ့ ဝင်လာသော ဟီးနိုးကားကြီးကို လှမ်းကြည့်ရင်း သက်ပြင်းချလိုက်မိပြန်တော့သည် ။ ကောင်းကင်ကို မော့ကြည့်စဉ် ပြို တော့မလို မိုးသားတွေ ဆိုင်းမှို့နေတာ တွေ့ရ၏။

*